# လူမှုအဖွဲ့ အစည်းလှုပ်ရှားမှုအထောက်အပံ့

*～ ဒုက္ခသည်များ၏ လူမှုအဖွဲ့ အစည်းလှုပ်ရှားမှုကိုထောက်ပံ့ကူညီနေပါသည် ～*

ဒုက္ခသည်ကူညီရေးလုပ်ငန်းဌာနချုပ်သည် ဒုက္ခသည်များ၏လူမှုအဖွဲ့ အစည်းက
မိမိတို့ ဘဝရပ်တည်မှုအတွက်လုပ်ဆောင်နေသည့်လှုပ်ရှားမှုများအတွက်ထောက်ပံ့ကြေးပေး၍
အဖွဲ့ ဝင်ဒုက္ခသည်များအချင်းချင်းကူညီပူးပေါင်းနီးနှောဖလှယ်ခြင်း၊အချင်းချင်းကူညီပူးပေါင်းခြင်း
ကိုရည်ရွယ်ပြီးထောက်ပံ့ပါသည်။ထို့ အပြင် လှုပ်ရှားမှုအတွက်လိုအပ်သောသတင်း၊
အချက်အလက်၊အကြံအညဏ်ပေးခြင်းနှင့်စီမံခန့် ခွဲမှုများကိုလည်းထောက်ပံ့ပါသည်။

စိတ်ဝင်စားသူများအောက်ဖော်ပြပါလိပ်စာအတိုင်းစုံစမ်းမေးမြန်းနိုင်ပါသည်။


【ဆက်သွယ်ရန်】

အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖောင်ဒေးရှင်း ဒုက္ခသည်ကူညီရေးဌာနချုပ်

URL: http://www.rhq.gr.jp

○ ရုံးချုပ် : 5-1-27 Minami-azabu, Minato-ku, Tokyo, 106-0047
TEL: 03-3449-7049 FAX: 03-3449-7016

○ ကန်းဆိုင်းရုံးခွဲ: JR Kobe Eki NK Bldg. 11F, 2-1-18 Nakamachidori, Chuo-ku, Kobe, Hyogo, 650-0027
TEL: 078-361-1700 FAX: 078-361-1323


**အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖောင်ဒေးရှင်း**

**ဒုက္ခသည်ကူညီရေးဌာနချုပ်**

## ထောက်ပံ့နိုင်သည့်လုပ်ရှားမှုများ

အောက်ဖော်ပြပါလုပ်ရှားမှုများကိုထောက်ပံ့နိုင်သည်။

**၁) ပွဲ ၊ သင်တန်း ကျင်းပခြင်း** ( ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံရသူ ( ၅ ) ဦးနှင့်အထက်ပါဝင်ရန်လိုအပ်သည်။ )

- နေထိုင်စားသောက်ရေး၌အထောက်အကူဖြစ်စေမည့်လုပ်ရှားမှု.........ကွန်ပျူတာသင်တန်း၊လူနေမှုလမ်းညွှန်သင်တန်းအစရှိသော
- ဒုက္ခသည်အချင်းချင်းနီးနှောဖလှယ်ခြင်း၊ဒေသခံများနှင့်ချစ်ကြည်ရင်းနှီးရေး.....ဒေသခံဂျပန်လူမျိုးများ၏ပွဲများတွင်ပါဝင်ခြင်း၊အားကစားပွဲအစရှိသော
- ရိုးရာ ၊ ယဉ်ကျေးမှုပြသပွဲလုပ်ရှားမှု..........အမိဘာသာစကားသင်တန်း ၊ ရိုးရာအကသင်တန်းအစရှိသော
- ထို့ အပြင်......ဒုက္ခသည်ကူညီရေးဌာနချုပ်မှအသိအမှတ်ပြုသည့်လုပ်ရှားမှုများ

**၂) ဂျာနယ် ၊ စာစောင်အစရှိသည်များကိုထုတ်ဝေခြင်း ( စောင်ရေ ၅၀ နှင့်အထက်)**

- ဂျပန်နိုင်ငံတွင်နေထိုင်စားသောက်ရေးအတွက်အထောက်အကူဖြစ်မည့်ဂျာနယ် ၊ စာစောင်

(သတိ) နိုင်ငံရေး၊ဘာသာရေး၊အရောင်းအဝယ်၊အရက်သေစာပါဝင်သောလုပ်ရှားမှု၊ဂျပန်လူမျိုးများအတွက်ရည်ရွယ်သည့်လုပ်ရှားမှုများကိုမထောက်ပံ့နိုင်ပါ။

## ထောက်ပံ့မှုများ

| ထောက်ပံ့မှုအမျိုးအစား | ထောက်ပံ့ကြေးပမာဏ | |
|---|---|---|
| ① ပွဲ ၊ သင်တန်း ကျင်းပခြင်း | သာမန်ပြုလုပ်သည့်ပွဲ | ပုံမှန်ပြုလုပ်သည့်ပွဲ *1 |
| ● ခမ်းမငှားရမ်းခ ( စက်ပစ္စည်းငှားရမ်းခအပါအဝင် ) | ယန်း ၂၅၀၀၀ | ယန်း ၁၂၅၀၀ |
| ● ဥက်ပူဇော်ခ ( ပညာရှင် ၊ အတွေ့ အကြုံရှိသူ ) | ယန်း ၅၀၀၀ အတွင်း | ယန်း ၂၅၀၀ အတွင်း |
| ● အထွေထွေအသုံးစရိတ် ( မိတ္တူကူးခ ၊ အထွေထွေစရိတ် ၊ ဆက်သွယ်ရေးစရိတ် )*2<br>(တက်ရောက်သူဒုက္ခသည်အသိအမှတ်ပြုခံရသူ ၅ ဦး*3အတွက်<br>ထောက်ပံ့ ကြေးပမာဏကိုညာဘက်တွင်ဖော်ပြထားသည့်အတိုင်း) | ၅ယောက်အတွက်<br>ယန်း၃၀၀၀အတွင်း<br>အများဆုံးယန်း ၃၀၀၀၀ | ၅ယောက်အတွက်<br>ယန်း၁၅၀၀အတွင်း<br>အများဆုံးယန်း ၁၅၀၀၀ |
| ② ဂျာနယ် ၊ စာစောင်အစရှိသည်များကိုထုတ်ဝေခြင်း<br>( အများဆုံး တလ ၁ ကြိမ်၊ ၁ နှစ် ၆ ကြိမ်ထောက်ပံ့ ) | ၁ မျက်နှာအတွက် | |
| ● အထွေထွေအသုံးစရိတ် ( မိတ္တူကူးခ ၊ အထွေထွေစရိတ် ၊ တံဆိပ်ခေါင်းစရိတ် ) | ယန်း ၃၀၀၀ အတွင်း ၊ အများဆုံး ယန်း ၁၈၀၀၀ | |

*1 ၁ နှစ်တွင် ၆ ကြိမ်အထက်ကျင်းပရမည်။ အများဆုံး ၁ လ လျှင် ၂ ကြိမ် ၁ နှစ် လျှင် ၂၄ ကြိမ် အများဆုံး။

*2 မိတ္တူကူးခဆိုသည်မှာပွဲတွင်အသုံးပြုမည့်စာရွက်၊ဂျာနယ်၊စာစောင်တို့ ၏မိတ္တူစရိတ်။အထွေထွေစရိတ်ဆိုသည်မှာစာရွက်၊မင်အစရှိသော ပစ္စည်းစရိတ် ( ကင်မရာ၊အသံစက်ပစ္စည်း၊လျှပ်စစ်အဘိဓာန်အစရှိသော )နှင့်အစားအသောက်စရိတ်များအကျုံးမဝင်ပါ။ ဆက်သွယ်ရေးစရိတ်ဆိုသည်မှာ ပွဲအတွက်ဖိတ်စာ ၊ ဂျာနယ် ၊ စာစောင်များကိုစာတိုက်မှတဆင့်ပို့ ဆောင်သည့်ကုန်ကျငွေ ၊ ဖုန်း ၊ အင်တာနက်စရိတ်များအကြုံးမဝင်ပါ။

*3 ပုံမှန်ပြုလုပ်သည့်ပွဲအတွက်တက်ရောက်သည့်လူဦးရေအားပွဲပြီးဆုံးသည့်အစီရင်ခံစာမှပျမ်းမျှလူဦးရေအားရေတွက်ပါမည်။
( သတိ ) ဘတ်ဂျက်၏အခြေအနေပေါ် မူတည်ပြီးအထက်တွင်ဖော်ပြထားသည့်အတိုင်းမထောက်ပံ့နိုင်သည့်အချိန်၊နှစ်တဝက်နှင့်ဆက်၍ မထောက်ပံ့နိုင်သည့်အချိန်လည်းရှိပါသည်။

## လျှောက်ထားနည်း

| | |
|---|---|
| အဖွဲ့ အစည်းမှတ်ပုံတင်ခြင်း | အဖွဲ့ အစည်းမှတ်ပုံတင်လျှောက်လွှာ*နှင့်တကွအဖွဲ့ တာဝန်ခံများစရင်း *ကိုလျှောက်ထားရပါမည်။<br>( သတိ ) ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခြင်းခံရသူ (၃) ဦးနှင့်အထက်ပါဝင်သည့်အဖွဲ့ အစည်း။ |
| ↓ လျှောက်လွှာတင်သွင်းခြင်း | ပွဲ၊သင်တန်းမကျင်းပမီ ၁ လ အလိုတွင်(စီမံကိန်းလျှောက်လွှာ*)ကိုလျှောက်ထားရပါမည်။ |
| ↓ စစ်ဆေးခြင်း။အကြောင်းကြားခြင်း | လျှောက်လွှာကိုစစ်ဆေးပြီးအကြောင်းပြန်ပါမည်။<br>လုပ်ရှားမှုနှင့်ပတ်သက်၍အကြံဥာဏ်ပေးသည့်အချိန်မျိုးလည်းရှိပါသည်။ |
| ↓ ကျင်းပသည် | |
| ↓ အစီရင်ခံစာတင်ခြင်း | လုပ်ရှားမှုအပြီး ၂ ပတ်အတွင်း ပြေစာဖြတ်ပိုင်းများနှင့်အတူ(အစီရင်ခံစာ*)ကိုတင်ရပါမည် |
| ↓ ထောက်ပံ့ကြေးပေးခြင်း | အစီရင်ခံစာ*တင်ပြီး ၂ ပတ်အတွင်းထောက်ပံ့ကြေးငွေအားဘဏ်သို့ သွင်းပေးပါမည်။ |
| ↓ ဝက်ဘ်ဆိုက်တွင်ဖေါ်ပြခြင်း | ဝက်ဘ်ဆိုက်တွင်အဖွဲ့ အစည်းအမည်၊အဖွဲ့ ကိုယ်စားလှယ်အမည်၊လုပ်ရှားမှုနှင့်ထောက်ပံ့ကြေး ပမာဏကိုတင်ပြပါမည်။ |

*စာရွက်ပုံစံများကို ဒုက္ခသည်ကူညီရေးဌာနချုပ် သို့ ဆက်သွယ်ရယူနိုင်ပါသည်။

※တင်သွင်းသည့်ကိုယ်ရေးအချက်အလက်များကိုထိန်းသိမ်းသွားမည်ဖြစ်ပါသည်။